# ဟံသာဝတီရောက်မင်း၏ သမီးတော်သုံးပါးဧချင်းများ

## စစ်တမ်းနှင့်အဖွင့်

ပါရဂူ (**Ph. D**) ဘွဲ့အတွက် တင်သွင်းသောကျမ်း

မပပခိုင်ဦး

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၅–ခုနှစ်၊ ဩဂုတ်လ

# ကျမ်းအကျဉ်းချုပ်

ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန၊ ပါရဂူဘွဲ့ (မြန်မာစာ) အတွက် ကျမ်းပြုစုတင်သွင်းရာတွင် **"ဟံသာဝတီရောက်မင်း၏ သမီးတော်သုံးပါးချေင်းများ စစ်တမ်းနှင့်အဖွင့်"** ခေါင်းစဉ်ဖြင့် ကျမ်းတင်သွင်းပြုစုခွင့်ရရှိခဲ့ပါသည်။ စစ်တမ်းဟူသည် "စိစစ်၍ မှတ်တမ်းတင်ထားချက်"[၁]၊ အဖွင့်ဟူသည် "အနက်ဖော်ခြင်း"[၂] ဖြစ်ရာ ဤအဓိပ္ပာယ်ပေါ်အောင် ကျမ်းကို စီစဉ်ရေးသားပါသည်။

ဤကျမ်းတွင် အခန်း (၆) ခန်း ပါဝင်ပါသည်။

အခန်း (၁)တွင် စာဆို၏ အတ္ထုပ္ပတ္တိအကျဉ်းနှင့် ချေင်းများဖွဲ့ဆိုသည့် သက္ကရာဇ်တို့ကို စိစစ်တင်ပြထားပါသည်။ အခန်း (၂)တွင် ချေင်းသုံးစောင်ကို တည်းဖြတ်ရန်အတွက် ပေမူ၊ လက်ရေးမူ၊ ပုံနှိပ်မူတို့ကို ညှိနှိုင်းတိုက်ဆိုင်ကာ စာမူများ ရွေးချယ်ခြင်း၊ ရာဇဝင်များနှင့် တိုက်ဆိုင် ယှဉ်ကြည့်ခြင်းများဖြင့် စာမူစစ်တမ်းကို တင်ပြထားပါသည်။ အခန်း (၃)တွင် စာဆိုဘဝနှင့် ချေင်းသုံးစောင်ကို စစ်တမ်းထုတ် ပြဆိုထားပါသည်။ အခန်း (၄)တွင် ချေင်းအကြောင်းအရာပိုင်း၌ ချေင်း ပိုဒ်ရေများကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ချေင်းအစီအစဉ်နှင့် ချေင်းပါပုဂ္ဂိုလ်များကို လေ့လာတင်ပြခြင်းတို့ ပါဝင်ပါသည်။ ထို့ပြင် ညောင်ရမ်းခေတ် အခြေအနေနှင့် နန်းဓလေ့အစဉ်အလာများကို ထုတ်ဖော်ဆွေးနွေးထားပါသည်။ အခန်း(၅)တွင် ချေင်းအရေးအဖွဲ့ပိုင်း၌ သရုပ်ဖော်အဖွဲ့များ၊ ဂုဏ်၊ အလင်္ကာ၊ ရသ၊ စကားလုံး စကားသုံးများ ထုတ်နုတ်၍ စာဆို့စွမ်းရည်ကို ပြဆိုထားပါသည်။ အခန်း (၆) တွင် ချေင်းဝေါဟာရများ၏ အဓိပ္ပာယ်ကို ဖွင့်ဆိုထားပါသည်။ ထို့နောက် ချေင်းသုံးစောင်ကို ခြုံငုံသုံးသပ်တင်ပြထားပြီး နိဂုံး၊ နောက်ဆက်တွဲ၊ ကျမ်းကိုးစာရင်းတို့ကို ဖော်ပြထားပါသည်။

---

၁ မြန်မာအဘိဓာန်၊ ၁၉၉၁၊ ၁၀၅။

၂ ယင်း၊ ၂၄၈။